ဗီအိုင်လီနင်



# မော်စကိုအုံကြွမှု၏ သင်ခန်းစာများ

မေလ၊ ၂၀၀၇ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဘာသာပြန်ဌာနက ထုတ်ဝေသည်

## ဗီအိုင်–လီနင်

# မော်စကိုအုံကြွမှု၏ သင်ခန်းစာများ

**၁၉၀၅ ခုနှစ်ဒီဇင်ဘာလ၏ မော်စကို** (မော်စကို ၁၉၀၆ ခု) ဟူသော စာအုပ်အား ပုံနှိပ်ထုတ်ဝေခြင်းမှာ အချိန်အခါနှင့် ကိုက်ညီလှပေသည်။ ဒီဇင်ဘာအုံကြွမှု၏ သင်ခန်းစာများကို ထုတ်ယူရန်မှာ အလုပ်သမားပါတီ၏ မဖြစ်မနေလုပ်ရမည့် တာဝန်ဖြစ်သည်။ သို့သော်ကံဆိုးချင်တော့ ဤစာအုပ်မှာ ဆွမ်းဆန်ထဲတွင် ကြွက်ချေးအနည်းငယ် ရောနေသကဲ့သို့ ရှိသည်။ မပြည့်စုံသော်လည်း စိတ်ဝင်စားစရာ ကောင်းလှသည့်အချက်အလက်များ၊ နောက်ပြီး မယုံကြည်နိုင် လောက်အောင် မသေမသပ် ရေးသားထားခြင်းနှင့် မယုံကြည် နိုင်လောက်အောင် အပ်ကြောင်း ထပ်ပြီး ငြီးငွေ့စရာကောင်းလှသည့် နိဂုံးချုပ်ချက်များ... ...။ ဤနိဂုံးချုပ်ချက်များနှင့် ပတ်သက်၍ နောက်တခါကျမှ ပြောပါဦးမည်။ လောလောဆယ်မှာတော့ ယနေ့ကာလတွင် အပူတပြင်း တွေ့နေရသည့် နိုင်ငံရေးပြဿနာဆီ အာရုံလှည့်ကြပါဦးစို့။ မော်စကိုပုန်ကန်မှု၏ သင်ခန်းစာ များဆီသို့...။

မော်စကို ဒီဇင်ဘာလှုပ်ရှားမှု၏ အဓိကသဏ္ဌာန်မှာ ငြိမ်းချမ်းသော သပိတ်မှောက်မှုနှင့် ဆန္ဒပြခြင်းများဖြစ်သည်။ အလုပ်သမားထု၏ ရောမအများစုကြီးသည် ဤတိုက်ပွဲသဏ္ဌာန် များတွင်သာ တကယ်တမ်း ပါဝင်လှုပ်ရှားကြသည်။ သို့သော်မော်စကိုမှ ဤဒီဇင်ဘာလှုပ်ရှားမှုကပင်လျှင် အောက်ပါတို့ကို အသေအချာ သက်သေပြခြင်းဖြစ်သည်။ အထွေထွေသပိတ်ဆိုသည်မှာ သီးခြား တိုက်ပွဲ၊ အဓိကလွှမ်းမိုးသော တိုက်ပွဲသဏ္ဌာန် အနေဖြင့် ခေတ်ကုန်သွားပေပြီ။ ဤလှုပ်ရှားမှုသည် အခြေခံကျပြီး တားမရသော အင်အားဖြင့် ဤကျဉ်းမြောင်းသော ဘောင်များကို ချိုးဖောက်ထွက်ပြီး၊ ပိုမိုမြင့်သော တိုက်ပွဲသဏ္ဌာန်သစ်ဆီသို့ သွားနေသည့် – ပုန်ကန်မှုပင်။

တော်လှန်သော ပါတီအားလုံး၊ မော်စကို သမဂ္ဂအားလုံးတို့သည် သပိတ်ကို ကြေညာရာ၌ ဤသပိတ်သည် အုံကြွမှုအဖြစ်သို့ မလွဲမသွေ ကြီးထွားသွားရမည်ဆိုခြင်းကို သတိပြုမိခဲ့၊ သိပင်သိခဲ့ကြလေသည်။ သို့သော် တကယ်တမ်းတွင် ဤအတွက် ၎င်းတို့အထဲမှ မည်သည့် အဖွဲ့ကမှ ပြင်ဆင်ထားခြင်း မရှိကြချေ။ တိုက်ခိုက်ရေးတပ်စိတ်များ ပူးတွဲကောင်စီကပင်လျှင် အုံကြွမှုဆိုသည်မှာ အလွန်ကွာလှမ်းသေးသော ကိစ္စဟုပြောခဲ့(ဒီဇင်ဘာ ၉ ရက်မှာတောင်မှ...)သည်။ လမ်းမပေါ်မှ တိုက်ပွဲတွင် ၎င်းတို့ လုံး၀ မပါကြောင်း၊ သို့မဟုတ် ချုပ်ကိုင်မှု မရှိကြောင်း မြင်သာလှသည်။ အဖွဲ့အစည်းများသည် လှုပ်ရှားမှု၏ ကြီးထွားမှုအတိုင်းအတာ စသည်တို့နှင့် **တပြေးညီမလိုက်နိုင်ခဲ့**ပေ။

သပိတ်မှ အုံကြွမှုသို့ ကြီးထွားရခြင်းမှာ အခြေခံအားဖြင့် အောက်တိုဘာနောက်ပိုင်းတွင် ဖြစ်ပေါ်လာသော ပကတိဘာ၀ အခြေအနေများ၏ ဖိအားကြောင့်ဖြစ်သည်။ အထွေထွေသပိတ်ဖြင့် အစိုးရအပေါ် အလစ်အငိုက်မရနိုင်တော့ချေ။ အစိုးရသည် စစ်ရေးအတွက် အသင့်ရှိသော တန်ပြန်တော်လှန်ရေးကို စည်းရုံးဖွဲ့စည်းပြီးနေလေပြီ။ အောက်တိုဘာနောက်ပိုင်း ရုရှာတော်လှန်ရေး၏ အထွေထွေလမ်းကြောင်းနှင့် မော်စကိုမှ ဖြစ်စဉ်များက မာ့က်စ်၏ နက်နဲသော အဆိုတရပ်အတွက် အင်မတန်ကောင်းသော သက်သေခံချက်များ ဖော်ပြလျက်ရှိသည်။ ယင်းမှာ တော်လှန်ရေးသည် အားကောင်းပြီး စည်းလုံးမှုရှိသော တန်ပြန်တော်လှန်ရေးကို ဖြစ်ပေါ်စေခြင်းဖြင့် ရှေ့သို့တိုးတက်သည်။ ဆိုလိုသည်မှာ တော်လှန်ရေးသည် ရန်သူ့အား ပို၍ပို၍တောင့်တင်းသော ခုခံမှုများ ပြုလုပ်စေပြီး ဤသို့ဖြင့် ပိုမိုအားကောင်းသော တိုက်ခိုက်နည်းများကို ဖော်ထုတ်လာစေသည်။

**ဒီဇင်ဘာ ၇ ရက်နှင့် ၈ ရက် ငြိမ်းချမ်းသည့်သပိတ်၊ ငြိမ်းချမ်းသည့် လူထုဆန္ဒပြပွဲများ။** ၈ ရက်နေ့ညနေ အက္ကွာ၀ါပြတိုက်(မော် စကိုရှိ နွေရာသီကပွဲရုံနှင့် ပန်းခြံတခုဖြစ်ပြီး ၁၉၀၅ ခုနှစ်ဆီတွင် တော်လှန်ရေးအစည်းအဝေးများ ဤနေရာတွင် ပြုလုပ်လေ့ရှိသည်။) ကို သိမ်းပိုက်မှု၊ ၉ ရက်နေ့မနက် စထရပ်စ်နာယာ ကွက်လပ်ရှိလူအုပ်အား သေနတ်ကိုင်မြင်းတပ်က တိုက်ခိုက်ခြင်းခံရသည်။ ညနေပိုင်း ဖီးဒလား၏ အိမ်အား ဖျက်ဆီးခြင်း ခံရသည်။ ဒေါသ အရှိန်မြင့်တက်လာသည်။ စည်းရုံးမှုမရှိသော လမ်းပေါ်မှ လူအုပ်များသည် အလိုအလျောက်ပင် မရဲတရဲဖြင့် ပထမဆုံးသော အတားအဆီး ကတုတ်များ ဆောက်လုပ်လာကြသည်။

၁၀ ရက်နေ့ အတားအဆီးကတုတ်များနှင့် လမ်းပေါ်ရှိလူအုပ်များကို အမြောက်ဖြင့် ပစ်ခတ်သည်။ အတားအဆီးကတုတ်များကို တမင်ပို၍ပင် ဆောက်လုပ်ခဲ့ကြသည်။ တသီးတခြားစီ မဟုတ်တော့။ တကယ့်ကို အုံနှင့်ကျင်းနှင့် အများအပြား ဖြစ်လာသည်။ လူအားလုံး လမ်းမများပေါ် ရောက်နေကြပေပြီ။ မြို့ကြီး၏ အချက်အချာ နေရာမှန်သမျှတွင် အတားအဆီးကတုတ် ပိုက်ကွန်များ ဖြန့်ချထားသည်။ တိုက်ခိုက်ရေးတပ်စိတ်များသည် ရက်ပေါင်းများစွာပင် စစ်တပ်များအား ခေါင်းမာမာဖြင့် ပြောက်ကျားစစ် ဆင်နွှဲကြသည်။ ရန်သူများ

ခြေကုန်လက်ပန်းကျပြီး ဒူဘာဆော့ဗ်(အက်၊ ဗီ၊ ဒူဘာဆော့ဗ်–၁၉၀၅ ခုနှစ်၊ ဒီဇင်ဘာလတုန်းက လက်နက်ကိုင် ပုန်ကန်မှုကို ချိုးနှိမ်ခဲ့သည့် မော်စကိုမြို့တော်ဝန် ဖြစ်သည်။) အနေဖြင့် စစ်ကူတောင်းရတော့သည်။ ဒီဇင်ဘာ ၁၅ ရက်နေ့ကျမှသာ အစိုးရတပ်များမှာ တကယ်တမ်း သာလွန်မှုရရှိတော့သည်။ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် စင်မြိုနော့်ဗ်တပ်ရင်းက အုံကြွမှု၏ နောက်ဆုံးခံကတုတ်ဖြစ်သည့် ပရက်စညာရပ်ကွက်ကို တက်သိမ်းသည်။

သပိတ်နှင့်ဆန္ဒပြပွဲများမှ အဆက်အစပ်မရှိသည့် အတားအဆီးကတုတ်များသို့၊ အဆက်အစပ်မရှိသည့် အတားအဆီးကတုတ်များမှ ကတုတ်များ အုံနှင့်ကျင်းနှင့် ဆောက်လုပ်လာကြခြင်း၊ စစ်တပ်ကို လမ်းမများပေါ်တွင် တိုက်ခိုက်ကြခြင်း၊ ပစ္စည်းမဲ့ထုကြီး၏ တိုက်ပွဲသည် အဖွဲ့အစည်းများအပေါ်မှ ကျော်လွှားပြီး သပိတ်မှ အုံကြွမှုသို့ ဖြစ်ပေါ်တိုးပွားသွားသည်။ ဤသည် ၁၉၀၅ ခု နှစ်၊ ဒီဇင်ဘာလတွင် ရုရှားတော်လှန်ရေးအနေဖြင့် ရရှိလိုက်သော အကြီးမားဆုံးသမိုင်း အမြတ်ပင်ဖြစ်သည်။ ယခင်က ရရှိဖူးသည့် အမြတ်တို့ကဲ့သို့ပင် ကြီးမားသော စွန့်လွှတ်မှုများဖြင့် ရင်းနှီးခဲ့ကြရသည်။ ဤလှုပ်ရှားမှုအား အထွေထွေနိုင်ငံရေးသပိတ်မှ ပိုမိုမြင့်သော အဆင့်တခုသို့ မြှင့်တင်ခဲ့သည်။ ယင်းအတွက် ဖောက်ပြန်မှုအနေဖြင့် ခုခံရာတွင် **အလွန်အကျွံများ** ဆီသို့ ရောက်ရှိသွားစေခဲ့သည်။ သို့ဖြင့်တော်လှန်ရေးအနေဖြင့်လည်း တိုက်ခိုက်မှုနည်းနာတွင် အလွန်အကျွံများဆီသို့ ရောက်ရှိသွားလုနီးပါး ဖြစ်ပေါ်စေခဲ့သည်။ ဖောက်ပြန်မှုအနေဖြင့် အတားအဆီးကတုတ်များ၊ အိမ်များနှင့်လူအုပ်များကို အမြောက် ဖြင့်ခွင်းသည်ထက် **ပိုလုပ် စရာမရှိတော့ပေ။** သို့သော် တော်လှန်ရေးအနေဖြင့်မူ မော်စကိုတိုက်ခိုက်ရေး တပ်စိတ်များထက် အများကြီးပိုပြီး လုပ်နိုင်သေးသည်။ အတိုင်း အတာအရ၏ နက်ရှိုင်းမှုအရ အများကြီး၊ အများကြီး ပို၍လုပ်နိုင်သေးသည်။သို့ဖြင့် ဒီဇင်ဘာမှစပြီး တော်လှန်ရေးမှာ ရှေ့သို့ဖြစ်ပေါ် တိုးပွားလာခဲ့သည်။ တော်လှန်သော အကျပ်အတည်းကပ်၏ အခြေခံမှာ မနှိုင်းစာနိုင်လောက်အောင် ကျယ်ပြန့်လာခဲ့သည်။ ဓားကိုထက်သထက် ထက်အောင် သွေးကြရတော့မည်။

တိုက်ပွဲ၏ ပကတိဘာဝ အခြေအနေများ ပြောင်းလဲမှုနှင့် သပိတ်မှ အုံကြွမှုသို့ ပြောင်းလဲရန်လိုအပ်မှုကို ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်များထက် အရင်သတိပြုမိခဲ့ကြသည်။ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်းပင် လက်တွေ့သည် သဘောတရားအရှေ့မှ ချီတက်သည်။ ငြိမ်းချမ်းသောသပိတ်များနှင့် ဆန္ဒပြပွဲများသည် အလုပ်သမားများအား မကျေနပ်စေနိုင်တော့ပြီ။ ၎င်းတို့က ရှေ့ဘာ ဆက်လုပ်ရမလဲဟု မေးကြသည်။ နောက်ပြီး ပိုမိုပြတ်သားစွာ လုပ်ရန်တောင်းဆိုကြသည်။ ရပ်ကွက်များတွင် အတားအဆီးကတုတ်များ ပြုလုပ်ရန် ညွှန်ကြားချက်မှာ မြို့လည်၌ ကတုတ်များပြုလုပ်ပြီးသည့်အချိန်ကျမှ အများကြီးနောက်ကျပြီး ရောက်လာသည်။ အလုပ်သမားများက အမြောက်အမြားပင် ဆောက်လုပ်ကြသည်။ သို့တိုင်အောင် **၎င်းတို့မှာ မကျေနပ်နိုင်ကြသေးပေ။** ရှေ့ဘာ ဆက်လုပ်ရမည်ကို ၎င်းတို့ သိလိုကြသည်။ တက်ကြွသောလှုပ်ရှားမှုများကို တောင်းဆိုကြသည်။ ဒီဇင်ဘာလတွင် ဆိုရှယ်ဒီမိုကရက်တစ်ပစ္စည်းမဲ့များ၏ ခေါင်းဆောင်များဖြစ်သော ကျွန်ုပ်တို့သည် တပ်ချထားမှုကို အဓိပ္ပာယ်

မရှိ စီစဉ်ချထားမိသော စစ်ဦးစီးချုပ်ကဲ့သို့ဖြစ်နေသည်။ တပ်အများစုမှာ အလုပ်မရှိဘဲ ဖြစ်နေသည်။ ပြတ်သားသော ထုနှင့်ထည်နှင့် လှုပ်ရှားမှုကို အလုပ်သမားထုကြီးက တောင်းဆိုခဲ့သည်။ သို့သော်မရရှိခဲ့ပေ။ ထို့ကြောင့် အချောင်သမားများက ဖမ်းဆုပ်ခဲ့ကြသည့် ပလက်ခနော့ဗ်၏ သပိတ်မှောက်ရန် အချိန်မကျသေး၊ သပိတ်တိုက်ပွဲ မဆင်နွှဲခဲ့ကြသင့်။ ကျွန်ုပ်တို့အနေဖြင့် "လက်နက်မကိုင်ခဲ့ကြသင့်ဘူး"ဟူသောစကားထက် အ မြင်တိုသောအရာကား မရှိတော့ပြီ။ ဤသည်နှင့်ပြောင်းပြန် ကျွန်ုပ်တို့ အနေဖြင့် လက်နက်ကို ပို၍ပြတ်ပြတ်သားသားအားပါပါနှင့် သဲသဲမဲမဲ ကိုင်စွဲခဲ့ကြသင့်သည်။ ကျွန်ုပ်တို့အနေဖြင့် ငြိမ်းချမ်းသောသပိတ်တွင်သာ ဘောင်ခတ်ထား၍ မဖြစ်ကြောင်း၊ မကြောက်မရွံ့၊ မလျော့သောဇွဲဖြင့် လက်နက်ကိုင်တိုက်ရေးမှာ ရှောင်လွှဲ၍မရကြောင်း၊ လူထုကြီးအား ရှင်းပြကြရမည်။ ယခုနောက်ဆုံးမတော့ ကျွန်ုပ်တို့သည် နိုင်ငံရေးသပိတ်များမှာ မလုံလောက်ကြောင်း ပွင့်ပွင့်လင်းလင်း လူသိရှင်ကြား ဝန်ခံကြရတော့မည်။ လူထုများအကြားတွင် လက်နက်ကိုင်ပုန်ကိုင်ရေးအတွက် အကျယ်ပြန့်ဆုံး လှုံ့ဆော်ကြရမည်။ "ပဏာမအဆင့်များ"ဆိုတာတွေပြောပြီး ဤကိစ္စကို မှုန်ဝါးစေရန် သို့မဟုတ် အခြားတနည်းနည်းဖြင့် ဖုံးကွယ်စေရန် မကြိုးပမ်းသင့်တော့ပြီ။ ပေါ်ထွက်လုလု တော်လှန်ရေး ခြေလှမ်းမှာ မျိုးဖြုတ်ရေးအတွက် ပြင်းထန်သော အသေအကြေ စစ်ပွဲဖြစ်သည်ဆိုသော အချက်ကို ဖုံးကွယ်နေလျှင် ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ်ရော ပြည်သူလူထုကိုပါ လိမ်လည်ရာ ကျပေလိမ့်မည်။

ဤသည်မှာ ဒီဇင်ဘာအဖြစ်အပျက်များ၏ ပထမသင်ခန်းစာပင် ဖြစ်သည်။ နောက်သင်ခန်းစာမှာ အုံကြွမှု၏လက္ခဏာ၊ သယ်ဆောင်ခဲ့ကြသည့်နည်းနာ၊ ပြည်သူတွေဘက်သို့ စစ်တပ်များ ကူးပြောင်းလာကြသည့်အခြေအနေတို့အကြောင်း ဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍ ကျွန်ုပ်တို့ ပါတီတွင်းရှိ လက်ယာဂိုဏ်းတွင် အင်မတန်ဘက်လိုက်သော အမြင်တခု ရှိနေသည်။ ၎င်းတို့က ခေတ်မီစစ်တပ်ကို သွားတိုက်၍မဖြစ်၊ တပ်များကိုယ်တိုင်က တော်လှန်သောတပ်များဖြစ်လာရမည်ဟု ဆိုကြသည်။ အမှန်ပဲ၊ တော်လှန်ရေးသည် လူထုလက္ခဏာမဆောင်ဘူး၊ စစ်တပ်ကိုလည်း ဂယက်မရိုက်ဘူးဆိုလျှင် အလေးအနက်ထားပြီး တိုက်နေရန်မလို တော့ချေ။ စစ်တပ်များအကြားတွင် အလုပ်လုပ်ကြရမည်။ ဤသည်မှာ ပြောစရာပင်မလို။ သို့သော် စစ်တပ်သည် ကျွန်ုပ်တို့၏ စည်းရုံးမှုကြောင့် သို့မဟုတ် ၎င်းတို့ကိုယ်တိုင်သဘောပေါက်နားလည်မှုကြောင့် တချက်တည်းနှင့် ကိုယ့်ဘက်သို့ ပါလာကြမည်ဟု ယူဆ၍မဖြစ်ပေ။ ဤအမြင်မှာ အဘယ်မျှ ပုံသေကျကြောင်း၊ အသက်မဲ့ကြောင်း မော်စကိုပုန်ကန်မှုက ပြသခဲ့ပေပြီ။ တကယ့်တကယ်ကျတော့ စစ်မှန်သော လူထုအုံကြွမှုတိုင်းတွင် မလွှဲမသွေပေါ်ပေါက်လေ့ရှိသည့် စစ်တပ်များအတွင်း တွေဝေယိမ်းယိုင်မှုဆိုသည်မှာ တော်လှန်ရေးတိုက်ပွဲ ပိုမိုပြင်းထန်လာတိုင်း **စစ်တပ်များအတွက်** တကယ့် **တိုက်ပွဲဆီ** သို့ ခေါ်ဆောင် သွားသည်ချည်းဖြစ်သည်။ မော်စကို အုံကြွမှုသည် ဖောက်ပြန်မှုနှင့် တော်လှန်ရေးတို့အကြား စစ်တပ်များကိုယ့်ဘက်ပါရန် ပြင်းပြင်းထန်ထန် အရှုံးအမူးတိုက်ပွဲဝင်ကြသည့် ဥပမာတခုပင်ဖြစ်သည်။ ဒူဘာဆော့ဗ်ကိုယ်တိုင်က မော်စကိုမြို့စောင့်တပ်၏ တပ်သား ၁၅,၀၀၀ အနက် ၅,၀၀၀

သာလျှင် စိတ်ချရသည်ဟု ပြောခဲ့သည်။ ဤတွေဝေသူများအား အစိုးရသည် အမျိုးမျိုးသော သွေးရူးသွေးတန်း အနိုင်ဆုံးနည်းလမ်းများဖြင့် ထိန်းချုပ်ခဲ့ကြသည်။ သူတို့ကို မေတ္တာရပ်ခံသည်၊ မြှောက်ပင့်သည်။ လာဘ်ထိုးသည်။ နာရီ၊ ဆုငွေစသည်များ ဆုချသည်။ ဗော့ဒကာ အရက်ဖြင့် ယစ်မူးအောင်လုပ်သည်၊ လိမ် ညာသည်၊ ခြိမ်းခြောက်သည်၊ စစ်တန်းလျားများဆီကို ပြန်ပို့ပြီး လက်နက်ဖြုတ်သည်။ မယုံကြည်ရဆုံးဟု ထင်မှတ်ရသူ စစ်သားများကို ကောက်ကျစ်ရက်စက်စွာဖြင့် ဖယ်ရှားပစ် သည်။ ဤမှာဘက်တွင် ကျွန်ုပ်တို့သည် အစိုးရထက် နောက်ကျကျန်ရစ်ကြောင်း ဖြောင် မခြွင်းမချန် ဝန်ခံခဲ့ရပေမည်။ အစိုးရက အောင်မြင်စွာ ပြုလုပ်သွားသကဲ့သို့ တွေဝေနေသော တပ်များ အပေါ် တက်တက်ကြွကြွ ရဲရဲရင့်ရင့် ထိထိ ရောက်ရောက်နှင့် သဲသဲမဲမဲ တိုက်ပွဲဝင်ရန် ကိုယ့်မှာ ရှိသော အင်အားများကို အသုံးမချနိုင် ခဲ့ကြချေ။ ကျွန်ုပ်တို့သည် တပ်တွင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး၊ ရှေ့တွင်စစ်တပ်ကို အတွေးအခေါ်အရ "ကိုယ့်ဘက်ပါလာအောင်" ဆထက်ထမ်းပိုး အားထုတ်သွားမည်။ သို့သော် အုံကြွမှု၏ လက်ရှိအချိန်အခါတွင် စစ်တပ်အား ခန္ဓာကိုယ်အရလည်း တိုက်ခိုက်ရမည် ဆိုသော အချက်ကို မေ့ပစ်လိုက်ပါက ကျွန်ုပ်တို့မှာ သနား စရာကောင်းသော လူနုံလူအများ ဖြစ်သွားပေလိမ့်မည်။

ဒီဇင်ဘာရက်များအတွင်းက စစ်တပ်များအား အတွေးအခေါ်အရ "ကိုယ့်ဘက်ပါလာအောင် လုပ်ရေး"ဆိုသည်နှင့် ပတ်သက်ပြီး ပစ္စည်းမဲ့လူတန်းစားက ကျွန်ုပ်တို့အား အင်မတန်ကောင်းမွန်သော သင်ခန်းစာများပေးခဲ့သည်။ ဥပမာ တခုအနေဖြင့်ဆိုလျှင် ဒီဇင်ဘာ ၈ ရက်နေ့က– စထရပ်စ်နာယာ ကွက်လပ်တွင် ကော့ဆက်တပ်များအား လူထုကြီးက ဝိုင်းလိုက်သောအခါ ၎င်းတို့နှင့်ဝင်ရောက်ပြီး မိတ်ဆွေဖွဲ့ကာ နောက်ပြန်လှည့်သွားရန် ဖျောင်းဖျခဲ့သည်။ နောက်တခု ဒီဇင်ဘာ ၁၀ ရက်နေ့က ပရက်စညာရပ်ကွက်တွင် အရေးအတွက် တသောင်းခန့်ရှိသည့် လူအုပ်ကြီးထဲမှ အလံနီတလက်ကို ကိုင်ဆောင်ထားသော အလုပ်သမားမိန်းကလေး နှစ်ဦးသည် "ကျွန်မတို့ကို သတ်ပစ်လိုက်၊ အသက်ရှင်လျက်နဲ့တော့ ဒီအလံနီကို မအပ်ဘူး"ဟု အော်ပြောပြီး ကော့ဆက်မြင်းတပ်သားများထံ ပြေးဝင်သွားသည်။ ကော့ဆက်များလည်း စိတ်ဓာတ်ကျသွားပြီး လူအုပ်ကြီးက "ကော့ဆက်တွေ ကျန်းမာပါစေ"ဟု ကြွေးကြော်နေသည့်အကြားမှာ နောက်ပြန်လှည့်သွားကြတော့သည်။ ဤကဲ့သို့သော သတ္တိနှင့် သူရဲကောင်းစိတ် ဓာတ်မှာ ပစ္စည်းမဲ့လူတန်းစား၏ ဦးနှောက်ထဲတွင် အမြဲစွဲမြဲနေစေရမည်။

သို့သော် ကျွန်ုပ်တို့တတွေ ဒူဘာဆော့ဗ်၏နောက်တွင် ကျန်ရစ်သည့် ဥပမာများ အောက်ပါအတိုင်း ရှိသေးသည်။ ဒီဇင်ဘာ ၉ ရက်နေ့တွင် စစ်သားများသည် ဘိုလ်ရှာယာ ဆာပူခေါ့ဗ်စကာယာ လမ်းမကြီးအား **မာဆဲလက်စ်** သီချင်း(ပြင်သစ်နေရှင်တော် လှန်ရေးတုန်းက ပြင်သစ်တပ်သားများ သီဆိုခဲ့သော သီချင်းဖြစ်သည်။ နောင်တွင် ပြင်သစ်နိုင်ငံတော် သီချင်းဖြစ်လာသည်။ ဘာ သာပြန်သူ) ကို သီဆိုပြီး သူပုန်များနှင့် ပူးပေါင်းရန် ချီတက်လာကြသည်။ အလုပ်သမားများက သူတို့ကို ကြိုရန် ကိုယ်စားလှယ်များ လွှတ်ကြသည်။ မာလာခေါ့ဗ် (၁၉၀၅ ခု၊ ဒီဇင်ဘာလ မော်စကိုပုန်ကန်မှု ကာလတုန်းက မော်စကိုဒေသ ဒု–တပ်မှူး ဖြစ်သည်။) သည် သူကိုယ်တိုင် မြင်းကို တဟုန်ထိုး စီးပြီး ထိုစစ်သားများထံ သွားခဲ့သည်။ အလုပ်သမားများ

နောက်ကျသွားပြီး မာလာခေါ့ဗ်က အရင်ရောက်သွားသည်။ သူသည် စိတ်လှုပ်ရှားဖွယ်ရာ မိန့်ခွန်းတခုကို မြွက်ကြားပြီး သေနတ်ကိုင်မြင်းတပ်များဖြင့် ဝိုင်းလိုက်ကာ စစ်တန်းလျားများဆီသို့ ပြန်ခေါ်ပိတ်ထားလိုက်သည်။ စစ်သားများဆီသို့ မာလာခေါ့ဗ်က ရောက်သွားပြီး ကျွန်ုပ်တို့က ရောက်မသွားချေ။ တကယ်တော့ နှစ်ရက်အတွင်း ကျွန်ုပ်တို့၏ နှိုးဆော်ချက်အရ စစ်သားပေါင်း ၁၅၀,၀၀၀ မျှ နိုးထလာခဲ့သည်။ သူတို့ တတွေကို စည်းရုံးပြီး လမ်းပေါ်ထွက်လာစေခဲ့သင့်သည်။ ထိုသို့လုပ်ရန် ဖြစ်လည်း ဖြစ်နိုင်သည်။ မာလာခေါ့ဗ်သည် စစ်သားများကို သေနတ်ကိုင် မြင်းတပ်များနှင့် ဝိုင်းနိုင်ခဲ့သည်။ ကျွန်ုပ်တို့ကမူ မာလာခေါ့ဗ်တို့အား ဗုံးသမားများဖြင့် မဝိုင်းနိုင်ခဲ့ချေ။ ကျွန်ုပ်တို့ ထိုသို့ လုပ်နိုင်သင့်သည်၊ လုပ်လည်းလုပ်ခဲ့သင့်သည်။ နောက်ပြီး ကြာမြင့်စွာကတည်းကပင် ဆိုရှယ်ဒီမိုကရက်သတင်းစာ(အစ္စကရာဟောင်း) က ကျွန်ုပ်တို့အား အုံကြွမှုတခုတွင် နယ်ဘက်အရာရှိကြီးများနှင့် စစ်အရာရှိကြီးများကို အညှာအတာကင်းစွာ သုတ်သင်ရန်မှာ ကျွန်ုပ်တို့၏ တာဝန်ပင်ဖြစ်သည်ဟု ထောက်ပြခဲ့ဖူးသည်။ ဘိုလ်ရှာယာ ဆာပူခေါ့ဗ်စကာယာ လမ်းမပေါ်တွင် ဖြစ်ပျက်ခဲ့သည်တို့၏ အဓိက လက္ခဏာများအတိုင်း နက်စ်ဗစ္စကီးနှင့် ကရှုတ်တစ္စကီး စစ်တန်းလျားများတွင် ထပ်ဖြစ်ခဲ့သည်။ အက္ကာတာရီနီ စလဗ်တပ်ရင်းအား "ခေါ်ထုတ်"ရန် အလုပ်သမားများက ကြိုးစားသောအခါ၊ အလက်ဇန်းဒရော့ဗ်ရှိ အင်ဂျင်နီယာတပ်ဖွဲ့သို့ ကိုယ်စားလှယ်များ စေလွှတ်သည့်အခါ၊ မော်စကိုသို့လာနေ သော ရော့ဗ်စတော့အမြောက်တပ် ပြန်လှည့်သွားသည့်အခါ၊ ခိုလိုမာမှာ အင်ဂျင်နီယာတပ် ဖွဲ့ လက်နက်ဖြုတ်ခံရသည့်အခါ စသည်စသည်တို့တွင်လည်း အလားတူပင်ဖြစ်သည်။ အုံကြွမှု စတင်သောအခါ ကျွန်ုပ်တို့သည် တွေဝေနေသော တပ်များအတွက် တိုက်ပွဲတာဝန်ကို မစွမ်းဆောင်နိုင်ကြောင်း ပြသခဲ့သည်။

ဒီဇင်ဘာအရေးအခင်းသည် အချောင်သမားများ မေ့လျော့နေသော မာ့က်စ်၏ နက်ရှိုင်းသော နောက်အဆိုတရပ်ကို အတည်ပြုခဲ့သည်။ ထိုအဆိုမှာ ပုန်ကန်မှုဆိုသည်မှာ အနုပညာတရပ်ဖြစ်သည်။ ဤအနုပညာရပ်၏ အဓိက ဥပဒေသမှာ အလွန်ရဲရင့်ပြီး မယိမ်းယိုင်သော သံန္နိဋ္ဌာန်ရှိသော **ထိုးစစ်** ကို ဆင်နွှဲရမည်ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအမှန်တရားကို အသေအချာ မဆုပ်ကိုင်မိသေးချေ။ ကျွန်ုပ်တို့ကိုယ်တိုင် လုံလုံလောက်လောက် နားမလည်သလို လူထုကြီးအားလည်း ဘာပဲဖြစ်ဖြစ် ထိုးစစ်ဆင်ရမည်ဟူသော ဤအနုပညာရပ်ကို သင်မပေးရသေးပေ။ ဤသည်အတွက် ကျွန်ုပ်တို့ ရှိသမျှခွန်အားကို အသုံးပြုရမည်။ နိုင်ငံရေးကြွေးကြော်သံပြဿနာတွင် တဖက်ဖက်၌ ရပ်တည်ရုံဖြင့် မလုံလောက်ချေ။ လက်နက်ကိုင်ပုန်ကန်မှုပြဿနာတွင်လည်း တဖက်ဖက်၌ ရပ်တည်ရပေမည်။ ဤသည်ကို ဆန့်ကျင်သော ဤအတွက် မပြင်ဆင်သောသူများအား တော်လှန်ရေးထောက်ခံသူများ တပ်ဖွဲ့ထဲမှ မညှာမတာ ထုတ်ပစ်ပြီး ရန်သူ့ထံသစ္စာဖောက် သို့မဟုတ် လူကြောက်များထံသို့ ပို့ပစ်ရမည်။ အကြောင်းမှာ အဖြစ်အပျက်များ၏ တွန်းအားနှင့် တိုက်ပွဲ၏ အခြေအနေများသည် ကျွန်ုပ်တို့အား ဤမူနှင့်အညီ ရန်သူမိတ်ဆွေ ခွဲခြားခိုင်းမည့် နေ့ရက်နှင့် နီးသထက် နီးလာသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် မတက်ကြွရေး၊ စစ်တပ်တွေ "ကိုယ့်ဘက် ကူးလာ

ဖို့””“စောင့်ဆိုင်း ရေး” တို့ကို ပြောလို့မဖြစ်ချေ။ မဖြစ်ဘူး။ ကျွန်ုပ်တို့အနေဖြင့် အိမ်ခေါင်မိုးပေါ်ကနေပြီး ရဲရင့် သည့်ထိုးစစ်နှင့် လက်နက်ကိုင်တိုက် ခိုက်ရေး၊ ထိုသို့သောအချိန်မျိုးတွင် ရန်သူ့စစ်မိန့်ပေး အရာရှိများကို သုတ်သင်ရေး၊ နောက်ပြီး တွေဝေနေသော တပ်များအတွက် အားကုန်သွန်၍ တိုက်ပွဲဆင်ရေးတို့ကို ဟောပြောရပေမည်။

မော်စကိုက သင်ကြားပေးသော တတိယသင်ခန်းစာမှာ ပုန်ကန်မှုအင်အားများ၏ နည်းပရိယာယ်နှင့် ဖွဲ့စည်းမှုဆိုင်ရာ ကိစ္စ ဖြစ်သည်။ စစ်ပရိယာယ်များကို စစ်နည်းပညာရေချိန်က ပြဋ္ဌာန်းသည်။ ဤရှင်းနေသော အမှန်တရားကို အိန်ဂယ်က မာ့က်စ်ဝါဒီ များအား မမေ့နိုင်လောက်အောင် သင်ကြားခဲ့သည်။ ယနေ့ခေတ် စစ်နည်းပညာမှာ ၁၉ ရာစုအလယ်ပိုင်းနှင့် မတူတော့ပြီ။ အမြောက်များအား လူအုပ်ကြီးနှင့် ရင်ဆိုင်ခြင်းသည်လည်းကောင်း၊ ခံကတုတ်များကို ခြောက်လုံးပြူးဖြင့် ကာကွယ်ခြင်းသည်လည်းကောင်း မိုက်မဲရာသာ ကျပေသည်။ မော်စကို အရေးအခင်း ပြီးသည့်နောက် ယခုအခါတွင် အိန်ဂယ်၏ နိဂုံးချုပ်ချက်များကို ပြန်လည်သုံးသပ်ရမည်။ နောက်ပြီး မော်စကိုအရေးအခင်းသည် **“ခံကတုတ် နည်းပရိယာယ်သစ်”**ကို ဖွင့်လှစ်ခဲ့သည်ဟု ကောက်စကီက ရေးခဲ့ခြင်းမှာ မှန်ပေသည်။ ဤနည်းပရိယာယ်သည် ပြောက်ကျားနည်းပရိယာယ်ဖြစ်သည်။ အဆိုပါ နည်းပရိယာယ်မျိုးအတွက် ဖွဲ့စည်းမှုမှာ လှုပ်ရှားနိုင်ပြီး အလွန်သေးငယ်သည့် တပ်ဖွဲ့ကလေးများ၊ ၁၀ ယောက်တဖွဲ့၊ သုံးယောက်တဖွဲ့၊ နှစ်ယောက်တဖွဲ့ အဖွဲ့ကလေး များ ပင်ဖြစ်သည်။ ယခုအခါ ငါးယောက်တဖွဲ့၊ သုံးယောက်တဖွဲ့ တပ်ဖွဲ့များဟုဆိုလျှင် ရယ်ကြသော ဆိုရှယ်ဒီမိုကရက်များကို မကြာခဏ တွေ့ကြရသည်။ သို့သော် ဤသို့ ရယ်မောခြင်းမှာ ခေတ်သစ်စစ်နည်းပညာက ချမှတ်သော အခြေအနေများအောက်ရှိ လမ်းမတိုက်ပွဲများက တောင်းဆိုနေသော နည်းပရိယာယ်နှင့် ဖွဲ့စည်းမှုဆိုင်ရာ ပြဿနာ**သစ်** ကို ဥပေက္ခာပြုသည့် အပေါစားနည်းနာသာ ဖြစ်သည်။ လူကြီးမင်းများ အနေဖြင့် မော်စကိုအံ့ကြွမှုဇာတ်လမ်းကို သေချာလေ့လာကြည့်ကြစမ်းပါ။ “ငါးယောက်တဖွဲ့”ဆိုသည်နှင့် “ခံကတုတ်နည်းပရိယာယ်သစ်”ဆိုသည်တို့အကြား မည်သို့သော ဆက်စပ်မှုရှိသည် ဆိုခြင်းကို လူကြီးမင်းတို့ နားလည် လာကြပါလိမ့်မည်။

မော်စကိုအရေးအခင်းသည် ဤနည်းပရိယာယ်ကို ဖော်ထုတ်ခဲ့သည်။ သို့သော် အသုံးပြုနိုင်သော အတိုင်းအတာအထိလည်းကောင်း၊ လူထုလက္ခဏာဆောင်သည့် အတိုင်းအတာအထိသော်လည်းကောင်း တိုးချဲ့ရန်ပျက်ကွက်ခဲ့သည်။ တပ်ဖွဲ့အရေအ တွက်မှာ နည်းလှသည်။ နောက်ပြီးလူထုအား ရဲရဲရင့်ရင့်တိုက်ခိုက်ရေး ကြွေးကြော်သံကိုလည်း ထုတ်မပေးခဲ့ချေ။ သူတို့ကလည်း ထို ကြွေးကြော်သံအတိုင်း မလုပ်ခဲ့ကြပေ။ ပြောက်ကျားတပ်ဖွဲ့များမှာ တပုံစံတည်းလို ဖြစ်နေသည်။ လက်နက်တပ်ဆင်မှုနှင့် နည်းနာတို့မှာ မလုံလောက်ချေ။ လူအုပ်ကို ခေါင်းဆောင်နိုင်စွမ်းမှာ ဖွံ့ဖြိုးမှုလုံးဝမရှိသလောက်ပင်။ ကျွန်ုပ်တို့အနေဖြင့် ဤလစ်ဟင်းချက်ကို ဖြည့်ဆည်းကြရမည်။ မော်စကိုအရေးအခင်း၏ အတွေ့အကြုံကို လေ့လာခြင်း၊ ဤအတွေ့အကြုံကို လူထုအကြားတွင် ဖြန့်ဖြူးခြင်း၊ နောက်ပြီး ၎င်းတို့၏ တီထွင်နိုင်စွမ်းဖြင့် ဤအတွေ့အကြုံကို ထပ်မံတိုးချဲ့ရန် လှုံ့ဆော်ခြင်းဖြင့် ဤလစ်ဟင်းချက်ကို

ဖြည့်ဆည်းကြရမည်။ ဒီဇင်ဘာလနောက်ပိုင်း ရုရှားပြည် နေရာအနှံ့အပြားနှင့် ဆက်တိုက် နီးပါးဖြစ်ပွားနေသော ပြောက်ကျားစစ်ပွဲနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများသည် အုံကြွမှုတခုတွင် ကျင့်သုံးရမည့် မှန်ကန်သော နည်းနာများကို မလွဲမသွေပင် သင်ကြားပေး ပေလိမ့်မည်။ ဆိုရှယ်ဒီမိုကရေစီဝါဒအနေဖြင့် ဤအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို အသိအမှတ်ပြုပြီး မိမိနည်းပရိယာယ်များ၊ ဖွဲ့စည်းမှုနှင့် ချုပ်ကိုင်မှုတို့တွင် ပေါင်းစပ်ပေးရမည်။ အမှန်ပင် ဤသည်ကို အလုပ်သမားလူတန်းစား လှုပ်ရှားမှု၏ အခြေအနေနှင့် အကျိုးစီးပွား များအောက်တွင် လက်အောက်ခံပြုရမည်။ တချိန် တည်းတွင် အုံကြွမှုအတွင်းဝယ် ကျွန်ုပ်တို့၏ ရဲဘော်များကလည်းကောင်း၊ နာမည်ဆိုးနှင့် ကျော်ကြားလှသော လက်တ် (letts) သမ္မတနိုင်ငံ (**နာမည်ဆိုးဖြင့် ကျော်ကြားသော လက်သမ္မတ နိုင်ငံ** ဆိုသည်မှာ ၁၉၀၅ ခုနှစ်၊ ဒီဇင် ဘာလတွင် ပေါ်ပေါက်ခဲ့သည့် တူကွမ်၊ တော်လ်ဆင်၊ ရီအင်၊ ဖရိုက်ရစ်တတ်စသည့် လတ်ဗီးယားမြို့များအား အလုပ်သမား၊ ကျေးလက်လုပ်သားများနှင့် လယ်သမားများ ပါဝင်သော လက်နက်ကိုင်သူပုန်များက သိမ်းပိုက်ခဲ့သော အရေးအခင်းဖြစ်သည်။ ဇာဘုရင့် တပ်များကို ပြောက်ကျားစစ် ဆင်ခဲ့ကြသည်။ ၁၉၈၆ ခုနှစ် ဇန်နဝါရီလတွင် ဇာဘုရင်က ဤပုန် ကန်မှုကို ချေမှုန်းပစ်လိုက်သည်။) (lettish Republics)တွင် လက်တ်အမျိုးသား များကသော်လည်းကောင်း ပြောင်မြောက်အညွှာ အတာကင်းစွာ ချိုးနှိမ်ခဲ့သည့် ပြောက် ကျားစစ်ပွဲ၏ "ဂျပိုး ဆန်မှု"ကို ဖယ်ရှားခြင်း၊ မည္ဘာ မတာသုတ်သင်ခြင်း ပြုရပေမည်။

မကြာမီကာလများအတွင်း စစ်နည်းပညာမှာ တိုးတက်မှုသစ်များ ရှိခဲ့သည်။ ဂျပန်စစ်ပွဲသည် လက်ပစ်ဗုံးကို မွေးထုတ်ခဲ့သည်။ လက်နက်စက်ရုံငယ်ကလေးများက ဈေးကွက် တွင် မောင်းပြန်သေနတ်များကို တင်ခဲ့သည်။ ဤလက်နက် နှစ်မျိုးစလုံးကို ရုရှားတော် လှန်ရေး တွင် အောင်မြင်စွာ အသုံးပြုခဲ့သည်။ သို့သော် အင်မတန်မလုံလောက်သော အတိုင်း အတာ ဖြင့် အသုံးပြုခဲ့ခြင်းဖြစ်သည်။ နည်းပညာတိုးတက်မှုများကို ကျွန်ုပ်တို့ အခွင့်ကောင်း ယူနိုင် သည်။ ယူရမည်။ အလုပ်သမားတပ်ဖွဲ့များကို ဗုံးအများအပြား ထုတ်လုပ်တတ်အောင် သင် ကြား ပေးရမည်။ ယမ်း၊ စနက်တံနှင့် မောင်းပြန်သေနတ်များ ရရှိအောင် ၎င်းတို့နှင့် ကျွန်ုပ်တို့ ၏ တိုက်ခိုက်ရေး တပ်စိတ်များအား ကူညီရမည်။ အကယ်၍သာ မြို့များမှ အုံကြွမှုများတွင် အလုပ်သမားတွေပါဝင်ကြပြီဆိုလျှင်၊ ရန်သူအပေါ် ထုနှင့်ထည်နှင့် တိုက်ခိုက်ကြပြီဆိုလျှင် ဒူးမားကိစ္စ၊ စဗီဘော့ဂ်နှင့် ကရွန်စတတ်အရေးအခင်း (၁၉၀၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့က စဗီဘော့ဂ်ခံတပ်ရှိ တပ်များအတွင်း ပေါ်ပေါက်ခဲ့သော တပ်တွင်းပုန်ကန်မှုကို ဆိုလိုသည်။ ပုန်ကန်သူများလက်သို့ ခံတပ်တခုလုံးနီးပါး ကျရောက် သွားခဲ့သည်။ ဇူလိုင် ၂၀ ရက်နေ့တွင် ဘောလ်တစ်ရေတပ်မှ တပ်ဖွဲ့တဖွဲ့က ပုန်ကန်သူများကို လက်နက်ချစေခဲ့သည်။ ဇူလိုင် ၁၉ ရက်နေ့တွင် ကရွန်စတတ်ရှိ ရေတပ်သားများသည်လည်း စဗီဘော့ဂ်ပုန်ကန်မှု၏ ဂယက်ဖြင့် ပုန်ကန်ကြပြန်သည်။ သို့သော် သူတို့လည်း အလျင်အမြန်ပင် နှိမ်နင်းခံလိုက်ရသည်။) များအပြီး ပို၍ပို၍တွေဝေနေကြသော တပ်များ ကိုယ့်ဘက်ပါအောင် သန္နိဋ္ဌာန်ရှိရှိဖြင့် ကျွမ်းကျွမ်းကျင်ကျင် တိုက်ပွဲဝင်ကြလျှင် နောက်ပြီးကျေးလက်များကလည်း အထွေထွေ

တိုက်ပွဲကြီးတွင် ပါဝင်ကြပြီဆိုလျှင် လာမည့်ရုရှားတပြည်လုံးလက်နက်ကိုင် အုံကြွမှု တွင် ကျွန်ုပ်တို့ အောင်ပွဲခံပေလိမ့်မည်။

သို့ဖြစ်လျှင် ရုရှားတော်လှန်ရေးကြီး၏ ကြီးမြတ်သော နေ့ရက်များမှ သင်ခန်းစာများကို နာယူရင်း ကျွန်ုပ်တို့၏ လုပ်ငန်းကို ပိုမိုကျယ်ပြန့်စွာ တိုးချဲ့ပြီး ရှေ့လုပ်ငန်းတာဝန်များကို ပိုမိုရဲဝံ့စွာ ချမှတ်ကြပါစို့။ ကျွန်ုပ်တို့လုပ်ငန်း၏ အခြေခံမှာ လူတန်းစားအကျိုး စီးပွားများနှင့် နိုင်ငံဖြစ်ပေါ်တိုးပွားမှုအတွက် မျက်မှောက်လိုအပ်ချက်များကို မှန်မှန်ကန်ကန် တွက်ဆနိုင်ရန်ဖြစ်သည်။ အစိုးရဖြုတ်ချ ရေးနှင့် တော်လှန်သောအစိုးရတရပ်က တိုင်းပြုပြည်ပြုလွှတ်တော်တရပ်(Constituent Assembly) ခေါ်ယူကျင်းပရေးဆိုသည့် တောင်းဆိုချက် ကြွေးကြော်သံပတ်လည်တွင် ကျွန်ုပ်တို့သည် ပိုမိုများပြားသော ပစ္စည်းမဲ့လူတန်းစားများ၊ လယ်သမားနှင့် စစ်တပ် အင်အားများကို စုစည်းနေပေသည်။ ဆက်၍လည်း စုစည်းသွားပေမည်။ ယခုအထိဆိုလျှင် ကျွန်ုပ်တို့ လုပ်ငန်း၏ အခြေခံနှင့် အဓိက အကြောင်းအရာမှာ လူထု၏ အသိကို တိုးမြှင့်ရေးဖြစ်သည်။ သို့သော် ဤအထွေထွေ၊ အမြဲတမ်း၊ အခြေခံလုပ်ငန်း တာဝန်နှင့်အတူ လက်ရှိရုရှားပြည်မှာကဲ့သို့သောအချိန်တို့တွင် သီးခြားနှင့်အထူးလုပ်ငန်းတာဝန်များ ရှိတတ်သည်ကို မမေ့ကြမှ ဖြစ်မည်။ လူနုံလူအများ၊ နလပိန်းတုံးများ မဖြစ်ဖို့လိုသည်။ မည်သည့်အချိန် မည်သည့်အခြေအနေတွင်မဆို မပြောင်းလဲသော ကျွန်ုပ်တို့၏ ထာဝရတာဝန်များကို အဓိပ္ပာယ်မရှိ ညွှန်းနေမည့်အစား လက်ရှိအချိန်၏ အထူးလုပ်ငန်းတာဝန်များ၊ တိုက်ပွဲသဏ္ဍာန်၏ လုပ်ငန်းတာဝန်များကို ကျော်လွှားမသွားကြပါနဲ့စို့။

ကြီးမားသော လူထုတိုက်ပွဲကြီးတခု ရောက်ရှိလာနေပြီဆိုသည်ကို သတိရကြပါ။ ဤသည် အတတ်နိုင်ဆုံး တပြိုင်နက်တည်း ဖြစ်ပါစေ။ လက်နက်ကိုင်သော သွေးထွက်သံယိုဖြစ်သော အသေအကြေတိုက်ပွဲကြီးဆီသို့ ချဉ်းကပ်လာနေကြောင်း လူထုတွေ သိပါ စေ။ လူထုများ အကြား သေမှာမကြောက်သော စိတ်ဓာတ်အနန့်အပြား ဖြစ်ပေါ်ပြီး အောင်ပွဲအတွက် အာမခံ ချက် ရှိပါစေ။ ရန်သူအပေါ် ထိုးစစ်ဆင်မှုသည် ပို၍အားပါရမည်။ လူထုကြီးအတွက် ကြွေးကြော် သံသည် ထိုးစစ်ဖြစ်ရမည်။ ခံစစ်မဖြစ်ရပေ။ ၎င်းတို့၏ လုပ်ငန်းတာဝန်မှာ ရန်သူကို မညှာမတာ သုတ်သင်ရေးဖြစ်သည်။ တိုက်ပွဲ၏ စည်းရုံးရေးသဏ္ဍာန်သည် ပိုပြီးလှုပ်သာရှားသာ၊ ပိုပြီး ပျော့ ပျောင်းရမည်။ စစ်တပ်များထဲမှ တွေဝေနေသော အင်အားများကို တက်ကြွသော တိုက်ပွဲ အတွင်း ဆွဲခေါ်ကြမည်။ လူတန်းစားအသိ ရှိသော ပစ္စည်းမဲ့များ၏ ပါတီသည် ဤမဟာတိုက်ပွဲ ကြီးတွင် မိမိ၏တာဝန်ကို ထမ်းဆောင်သွားရမည်။ ။

(၁၉၀၆ ခု၊ စက်တင်ဘာ ၁၁ (ဩဂုတ် ၂၉)နေ့ထုတ် **“ပစ္စည်းမဲ့”**စာစောင် အမှတ် ၂ (အင်္ဂလိပ်ဘာသာမှ ပြန်ဆိုခြင်းဖြစ်သည်။)